# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ပုံစံ ဂ-၆(က)၊ မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်များ အစည်းအဝေး ကျင်းပရန် အကြောင်းကြားစာ

*ပုဒ်မ ၁၁၆ (င)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**မှတ်ချက်**
သတ်မှတ်ပုံစံတွင် လိုအပ်သောအချက်အလက်များကို
ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍
အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

### ကုမ္ပဏီအမည်

| |
|---|
| |

### မှတ်ပုံတင်အမှတ်

| |
|---|
| |

### ၁။ အထွေထွေညွှန်ကြားချက်များ

အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသော ကုမ္ပဏီသည် မတည်ငွေရင်း လျှော့ချခြင်း မပြုလုပ်မီ အစုရှယ်ယာရှင်များ၏ အတည်ပြုချက် လိုအပ်သည်ဟု ပုဒ်မ ၁၁၆၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်။ ကုမ္ပဏီသည် အစုရှယ်ယာရှင် များအစည်းအဝေးတွင် အတည်ပြုရန်အတွက် ဆန္ဒမဲပေးရန် အကြောင်းကြားရမည်။ အစည်းအဝေးအတွက် အဆိုပြု အကြောင်း ကြားစာကို မှတ်ပုံတင်အရာရှိထံ ပထမဦးစွာ ပေးပို့တင်ပြရမည်။

ပုဒ်မ ၁၁၆ (င)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

“ အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါ စာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ပေးပို့တင်ပြရမည်-

(၁) အစည်းအဝေးအကြောင်းကြားစာနှင့်

(၂) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့်အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် မတည်ငွေရင်း လျှော့ချ ခြင်းနှင့် သက်ဆိုင်သောစာရွက်စာတမ်းများ။ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့်စာရွက်စာတမ်းများကို မှတ်ပုံတင် အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် မတည်ငွေရင်းလျှော့ချခြင်းအား အတည်ပြုမည့် အစည်းအဝေး တစ်ရပ်ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော် တစ်ဝှမ်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။ ”

### ၂။ အစည်းအဝေးကျင်းပရန် အဆိုပြု အကြောင်းကြားစာ မိတ္တူပူးတွဲရန်။

### ၃။ အစည်းအဝေး ကျင်းပရန် အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့်အကြောင်းကြားစာနှင့်အတူ မတည်ငွေရင်းလျှော့ချခြင်းနှင့် သက်ဆိုင်သောစာရွက်စာတမ်း(များ) မိတ္တူကို ပူးတွဲရန်။

### ၄။ ဤပုံစံကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးနောက် လုပ်ထုံးလုပ်နည်း

ပုဒ်မ ၁၁၆ (စ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ကုမ္ပဏီသည် အစုရှယ်ယာရှင်များ အစည်းအဝေးကျင်းပရန် အကြောင်းကြား စာ ထုတ်ပြန်ခဲ့လျှင် မှတ်ပုံတင် အရာရှိသည် ဤပုံစံတင်ပြလာသည့် နေ့မှစ၍ ၂၈ ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ခြင်းကို ဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင် အရာရှိက အကြောင်းကြားစာ ပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလတွင် သတ်မှတ်ချက်ကို မထုတ်ပြန်နိုင်လျှင် ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများအား ပေးပို့ဆောင်ရွက် နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၁၂၂ (ဆ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ပြဋ္ဌာန်းထားသည်မှာ မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ် ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါ ပုဒ်မ ၁၁၆ (င) အရ တင်ပြထားသော စာရွက်စာတမ်း တစ်ရပ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

ပုဒ်မ ၁၁၆ (ဇ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၁၆ (ဃ) တွင်ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်း မရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများကို တွေ့ရှိရလျှင် ကုမ္ပဏီသည် ၂၈ ရက်အတွင်း အစည်းအဝေးကျင်းပရန် အကြောင်းကြားစာကို ထုတ်ဝေပေးပို့ခြင်းမပြုရန် သတ်မှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

## ၅။ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးသည်မှာ

ဤပုံစံပါအချက်အလက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း သက်သေပြုပါသည်။

**လက်မှတ်** ________________________________________

**အင်္ဂလိပ်ဘာသာဖြင့် အမည်အပြည့်အစုံကို ဖော်ပြရန် (မဖြစ်မနေရေးသွင်းရန်)**

| |
|---|
| |

ရာထူး ☐ ဒါရိုက်တာ ☐ အတွင်းရေးမှူး

## ၆။ ပေးပို့သူ

အမည်

နေရပ်လိပ်စာ

တယ်လီဖုန်း

အီးမေးလ်

## ၇။ ပူးတွဲပါစာရင်း

အောက်ပါတို့ကို ဤလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲရမည် -

- ☐ အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးကျင်းပရန်အကြောင်းကြားစာမိတ္တူ။
- ☐ အစုရှယ်ယာရှင်များထံသို့ အကြောင်းကြားစာနှင့်အတူ ပူးတွဲပေးပို့မည့် နောက်ထပ် စာရွက်စာတမ်းများ မိတ္တူ (ရှိလျှင်)။
- ☐ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး။